## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
## (၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်း၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၃၀) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းပြည့်မီသူများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် (၂၂-၉-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၀-၉-၂၀၂၃)ရက်တွင် အသက်၃၀နှစ်ထက်မကျော်လွန်ရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်ရမည်။

(ဃ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

( င ) ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ (၇-၁၀-၂၀၂၃)ရက်နေ့နှင့် (၈-၁၀-၂၀၂၃) ရက်နေ့များတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ ရုံးအမှတ် (၂၃) တွင် (၆-၁၀-၂၀၂၃)ရက်နေ့၌ ထုတ်ပေးပါမည်။

၃။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၄။ စာမေးပွဲဝင်ကြေး၃၀၀၀/-(ကျပ်သုံးထောင်တိတိ)ကို စာမေးပွဲဝင်ခွင့်လျှောက်လွှာထုတ်ယူသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူသည့်နေရာ၌ (၂၂-၉-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာများကို တင်သွင်းရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပေးပို့ရပါမည်-

(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သောတစ်လအတွင်း)၊

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(စ) ပတ်စ်ပို့ဓါတ်ပုံ (၃)ပုံ (လွန်ခဲ့သော ၆ လခန့်) (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)၊

(ဆ) ကျန်းမာကြောင်းဆေးလက်မှတ်မူရင်း။

၆။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို လူမှုဝန်ထမ်းဦးစီးဌာန၏ Website ဖြစ်သည့် www.dsw.gov.mm တွင် Download ရယူနိုင်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ (၂၂-၉-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို လျှောက်လွှာထုတ်ယူသည့်နေရာ၌ တင်သွင်းရမည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြမည့်စာရွက်၊ စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ဝင်ခွင့်စာမေးပွဲနှင့် အခြားသိရှိလိုသည်များ ဆက်သွယ်စုံစမ်းနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၁၀၂၊ ကချင်ပြည်နယ်ရုံး ၀၇၄-၂၅၂၂၃၇၃၊ ကယားပြည်နယ်ရုံး ၀၈၃-၂၂၂၀၅၄၊ ကရင်ပြည်နယ်ရုံး ၀၅၈-၂၁၀၆၃၊ ချင်းပြည်နယ်ရုံး ၀၇၀-၂၁၀၆၈၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ၀၇၁-၂၂၈၇၂၊ တနင်္သာရီတိုင်းဒေသကြီးရုံး ၀၅၉-၂၀၂၃၄၉၇၊ ပဲခူးတိုင်းဒေသကြီးရုံး ၀၅၂-၂၂၂၁၂၂၆၊ မကွေးတိုင်းဒေသကြီးရုံး ၀၆၃-၂၀၂၈၃၃၈၊ မန္တလေးတိုင်းဒေသကြီးရုံး

၀၂-၄၀၇၂၁၀၃၊ မွန်ပြည်နယ်ရုံး ၀၅၇-၂၀၂၇၂၁၅၊ ရခိုင်ပြည်နယ်ရုံး ၀၄၃-၂၂၀၁၇၊ ရန်ကုန်တိုင်းဒေသကြီးရုံး ၀၁-၆၅၈၀၂၇၊ ရှမ်းပြည်နယ်ရုံး ၀၈၁-၂၁၂၁၁၆၊ ဧရာဝတီတိုင်းဒေသကြီးရုံး ၀၄၂-၂၄၂၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြမည့်စာရွက်၊ စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**လူမှုဝန်ထမ်းဦးစီးဌာန**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

အကြောင်းအရာ။ **ဒုတိယဦးစီးမှူးရာထူးနေရာတွင် ခန့်ထားပေးနိုင်ပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မသည် လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)နေရာတွင် တာဝန်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားအပ်ပါသည်-

(က) အမည်-----------------------------------------------------------------

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်--------------------------------------

( ဂ ) လူမျိုး/ဘာသာ-----------------------------------------------------------

(ဃ) မွေးဖွားရာအရပ်-------------------------------------------------------

( င ) အဘအမည်----------------------------၊ အမိအမည်-------------------

( စ ) မွေးဖွားသည့် ရက်၊လ၊ခုနှစ်----------------------------------------------

(ဆ) ကိုယ်တွင်ထင်ရှားသည့် အမှတ်အသား-----------------------------------

( ဇ ) လက်ရှိနေရပ်လိပ်စာ------------------------------------------------------

-----------------------------------------------------------------------------------

( ဈ ) အမြဲတမ်းနေရပ်လိပ်စာ-------------------------------------------------

-----------------------------------------------------------------------------------

(ည) ပညာအရည်အချင်း------------------------------------------------------

( ဋ ) တက်ရောက်ခဲ့သည့်သင်တန်းများ-----------------------------------------

-----------------------------------------------------------------------------------

(ဌ) ထမ်းဆောင်ခဲ့သောတာဝန်များ

| **တာဝန်** | **ရုံး/ဌာန/အဖွဲ့အစည်း** | **နေ့ရက်မှ** | **နေ့ရက်အထိ** | **မှတ်ချက်** |
|---|---|---|---|---|
| | | | | |
| | | | | |

( ဥ ) ပါဝင်ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ခဲ့သည့် လူမှုရေးနှင့် အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၏ အမည်များနှင့်တာဝန်များ--------------------------------

----------------------------------------------------------------

----------------------------------------------------------------

( ဎ ) အပြစ်ပေးခံရခြင်းများ ----------------------------------------------

----------------------------------------------------------------

၂။ လျှောက်လွှာနှင့်အတူပူးတွဲပါစာရွက်စာတမ်းများပူးတွဲတင်ပြအပ်ပါသည်။

၃။ ကျွန်တော်/ကျွန်မသည်လူမှုဝန်ထမ်းဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

လက်မှတ် -

အမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

ရက်စွဲ။ - - ၂၀၂၃ ။